# ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင်ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကို ထောက်ထားရန်မလိုလျှင်—

(က) " နိုင်ငံတော်အထိမ်းအမှတ် "ဆိုသည်မှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတခု၏၊သို့တည်းမဟုတ် လက်အောက်ခံ နိုင်ငံတခု၏၊ သို့တည်းမဟုတ် ထိုနိုင်ငံ တစိတ်တဒေသ၏ အလံ၊ သို့တည်းမဟုတ် တံဆိပ်၊ သို့တည်းမဟုတ် အခြားအထိမ်းအမှတ်ကိုဆိုလိုသည့်ပြင် ထိုစကားရပ်တွင် အချုပ်အခြာအာဏာပိုင် နိုင်ငံတခု၏၊ သို့တည်းမဟုတ် လက်အောက်ခံနိုင်ငံတခု၏၊ သို့တည်းမဟုတ် ထိုနိုင်ငံ တစိတ်တဒေသ၏ အသက်ထင်ရှားရှိသော၊ သို့တည်းမဟုတ် ကွယ်လွန်ပြီးသော အမျိုးသား ခေါင်းဆောင်ဓါတ်ပုံသည်၎င်း၊ အမျိုးသားခေါင်းဆောင်နှင့် ဆင်တူရိုးမှားဖြစ်အောင် တနည်းနည်းဖြင့်ပြုလုပ်ထားသောပုံသည်၎င်း၊နိုင်ငံတော်အထိမ်းအမှတ်နှင့် ဆင်တူရိုးမှားဖြစ်သော အရာဝတ္ထုသည်၎င်း ပါဝင်သည်။

(ခ) " ဥပစာ " ဆိုသည်တွင် မြေ၊ အဆောက်အအုံ၊ ရေယာဉ်၊ ကုန်းယာဉ်၊နေရာဌာနတခုခုသော်၎င်း၊အဆိုပါ မြေ၊အဆောက်အအုံ၊ ရေယာဉ်၊ကုန်းယာဉ်၊ နေရာဌာနတခုခု၏ တစိတ်တပိုင်းသော်၎င်း ပါဝင်သည်။

၃။ ။(၁) နိုင်ငံတော် အထိမ်းအမှတ်ကို ပုဒ်မ ၄ ပါပြဋ္ဌာန်းချက်များနှင့်၎င်း၊ ပုဒ်မ ၅ အရပြုသည့်အမိန့်တရပ်ရပ်ပါပြဋ္ဌာန်းချက်များနှင့်၎င်း မညီညွတ်ဘဲပြည်သူအများမြင်သာအောင် ဆင်ယင်ပြသခြင်းကိုတားမြစ်သည်။

(၂) ဤပုဒ်မပါ ကိစ္စများအလို့ငှါ၊ ပြည်သူအများ၊ သို့တည်းမဟုတ် ပြည်သူအချို့သွားလာပိုင်ခွင့်ရှိသည့်လမ်းကြီး လမ်းငယ်၊တံတား၊လမ်းကြား၊ သို့တည်းမဟုတ် လူသွားလမ်းပေါ်တွင် သော်၎င်း၊ ပြည်သူများက၊ သို့တည်းမဟုတ် ပြည်သူအချို့က၊ အခကြေးငွေပေး၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ဝင်ထွက်နိုင်သည့်ဥပစာတွင်သော်၎င်း နိုင်ငံတော်အထိမ်းအမှတ်တခုခုကို ဆင်ယင်ပြသလျှင်၊သို့တည်းမဟုတ် အဆိုပါလမ်းကြီး လမ်းငယ်၊တံတား၊ လမ်းကြား၊လူသွားလမ်း၊ သို့တည်းမဟုတ် ဥပစာတခုခုတွင်သွားလာဝင်ထွက်နေသော၊ သို့တည်းမဟုတ် ရှိနေသောပြည်သူများအနက် တဦးဦးမြင်သာအောင်ဆင်ယင်ပြသလျှင်၊ထိုနိုင်ငံတော်အထိမ်းအမှတ်ကို ပြည်သူအများမြင်သာအောင် ဆင်ယင်ပြသသည်ဟုမှတ်ယူရမည်။

အဘိုး—၁၉ ပြား]

၄။ ။ပုဒ်မ ၃ ပါပြဋ္ဌာန်းချက်များသည်၊ နိုင်ငံတော် အ ထိမ်း အ မှတ် ကို အောက်တွင်ဖော်ပြထားသည့်အတိုင်း ဆင်ယင်ပြသခြင်းနှင့်မသက်ဆိုင်စေရ။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ၏နိုင်ငံတော်အထိမ်းအမှတ်ကို ဆင်ယင်ပြသခြင်း။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသို့ သတမန်အဖြစ်ဖြင့်၊ သို့တည်းမဟုတ် ကောင်စစ်ကိုယ်စားလှယ်အဖြစ်ဖြင့် နည်းလမ်းတကျ စေလွှတ်ခြင်းခံရသူနိုင်ငံခြားသားက မိမိနိုင်ငံ၏နိုင်ငံတော်အထိမ်းအမှတ်ကို ဆင်ယင်ပြသခြင်း။

(ဂ) သင်္ဘော၊ သို့တည်းမဟုတ် လေယာဉ်ပျံပေါ်တွင် နိုင်ငံတော်အထိမ်းအမှတ်ကိုဆင်ယင်ပြသခြင်း။

(ဃ) ရုပ်ရှင်ပြသခြင်းဆိုင်ရာ အက်ဥပဒေပါပြဋ္ဌာန်းချက်များအရ၊ ပြသခွင့်ရသည့် ရုပ်ရှင်ကားကိုပြသနေစဉ် နိုင်ငံတော်အထိမ်းအမှတ်တခုခုကိုပြသခြင်း။

(င) ရုပ်ရှင်ပြသခြင်းဆိုင်ရာ အက်ဥပဒေပါပြဋ္ဌာန်းချက်များအရ၊ ပြသခွင့်ရသည့် ရုပ်ရှင်ကားတခုခုကြော်ငြာရန် အရုပ်ကား၊ ဓါတ်ပုံ၊ ပိုစတာ၊ သို့တည်းမဟုတ် ရုပ်ပုံအားဖြင့်နိုင်ငံတော်အထိမ်းအမှတ်ကို ဆင်ယင်ပြသခြင်း။

၅။ ။နိုင်ငံတော်သမတ သည်၊ အမိန့်ထုတ်ပြန်၍၊ ထိုအမိန့်တွင် သီးခြားဖော်ပြထားသည့် နိုင်ငံတော်အထိမ်းအမှတ်ဆင်ယင်ပြသခြင်းကို၊ပုဒ်မ ၃ ပါပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။ ထို့ပြင် အဆိုပါအမိန့်တွင် ထိုသို့ဆင်ယင်ပြသရန်နည်းလမ်းကို စည်းမျဉ်းသတ်မှတ်နိုင်သည့်ပြင်၊ ထိုသို့ဆင်ယင်ပြသခွင့်ပြုသည့် ကာလအပိုင်းအခြားကိုလည်း ကန့်သတ်နိုင်သည်။

၆။ ။(၁) ခရိုင်ရာဇဝတ်တရားသူကြီး၌ဖြစ်စေ၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၌ဖြစ်စေ၊ ပဌမတန်း၊ သို့တည်းမဟုတ် ဒုတိယတန်း ရာဇဝတ်တရားသူကြီး၌ဖြစ်စေ၊နိုင်ငံတော်သမတ က ဤကိစ္စအလို့ငှါအာဏာအပ်နှင်းထားသော အခြားအရာရှိတဦးဦး၌ဖြစ်စေ၊ ယုံကြည်လောက်သော သတင်းပေးချက်အရသော်၎င်း၊ အခြားလုံလောက်သောအကြောင်းကြောင့်သော်၎င်း ဤအက်ဥပဒေအရ ပြစ်မှုကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင်၊ထိုသတင်းပေးချက်ကို၊ သို့တည်းမဟုတ် ထိုအကြောင်းကိုရေးမှတ်ပြီးနောက် ထိုရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ထိုအရာရှိကိုယ်တိုင်သော်၎င်း၊ ၎င်းက ဝရမ်းထုတ်ပေးထားသည့်ရဲအရာရှိကသော်၎င်း—

(က) ဤအက်ဥပဒေအရ ပြစ်မှုတခုခုကို ကျူးလွန်သည်ဟု မိမိယုံကြည်ဘွယ်ရာအကြောင်းရှိသူကို ဖမ်းဆီးနိုင်သည်၊ ထို့ပြင်

(ခ) နိုင်ငံတော် အထိမ်းအမှတ်ကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြုသည့်အမိန့်တရပ်ရပ်နှင့်ဖြစ်စေဆန့်ကျင်၍ ဆင်ယင်ပြသထားသည့် ဥပစာသို့ ဝင်ရောက်လျက် အဆိုပါ အထိမ်းအမှတ်ကို သိမ်းယူနိုင်သည်။ ထို့ပြင် ထိုသို့ဝင်ရောက်သည့် ဥပစာကိုရှာဖွေ၍၊ ဥပစာတွင် ဤအက်ဥပဒေအရ ဖြစ်မှုကျူးလွန်ကြောင်းသက်သေခံ ဖြစ်သည်ဟု မိမိယုံကြည်လောက်သော အကြောင်းရှိသည့် ပစ္စည်း တခုခုကို တွေ့ရှိလျှင် ထိုပစ္စည်းကိုလည်း သိမ်းယူနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ သတင်းပေးချက် အကျဉ်းချုပ်ကို၊ သို့တည်းမဟုတ် လုံလောက်သော အကြောင်း အကျဉ်းချုပ်ကို ရေးမှတ်သည့် ရာဇဝတ်တရားသူကြီးမှာ၊ သို့တည်းမဟုတ် အရာရှိမှာ ထိုမှတ်တမ်းတွင်သတင်းပေးသူ၏အမည်ကို ဖေါ်ပြရေးသားရန် တာဝန်မရှိစေရ။

(၃) ပုဒ်မခွဲ (၁) အရ ရှာဖွေသည့်အခါတိုင်း ရာဇဝတ်ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရှာဖွေရမည်။

(၄) ပုဒ်မခွဲ (၁) အရ ဥပစာတွင်းသို့ ရဲအရာရှိ တဦးဦး ဝင်ရောက်သည့်အခါ ထိုပုဒ်မခွဲအရဆောင်ရွက် ပြီးစီးသည်နှင့် တပြိုင်နက် ထိုရဲအရာရှိက မိမိမည်ကဲ့သို့ ဆောင်ရွက်ကြောင်း ဖေါ်ပြသည့် အစီရင်ခံစာကို (ဝါရမ်းစာရှိလျှင်) ထိုဝါရမ်းစာနှင့်တကွ၊ ကျူးလွန်သည်ဟုထင်ရသော ပြစ်မှုကို စီရင်ပိုင်ခွင့်ရှိသော ရာဇဝတ်တရားသူကြီး တဦးဦးထံ ချက်ခြင်းတင်သွင်းရမည့်ပြင် ဖမ်းဆီးခံရသူနှင့်တကွ သိမ်းယူသည့်ပစ္စည်းများကိုလည်း ထိုရာဇဝတ်တရားသူကြီးထံ ချက်ခြင်းပို့ရမည်။

သို့ရာတွင်ထိုရဲအရာရှိသည် ဖမ်းဆီးခံရသူကို ထိုရာဇဝတ်တရားသူကြီး ရှေ့ လာရောက်ရမည်ဟု စည်းကမ်းချက်ထား၍ခံဝန်သူနှင့်ဖြစ်စေ၊ ကိုယ်တိုင်ခံဝန်ချုပ်နှင့်ဖြစ်စေ လွှတ်နိုင်သည်။ ထိုရဲအရာရှိသည် ထိုသူကိုဖမ်းဆီးပြီးနောက် သုံးနာရီအတွင်း ရာဇဝတ်တရားသူကြီးတဦးဦးထံမပို့လျှင် သင့်လျော်လုံလောက်သည့် ခံဝန်သူနှင့်ဖြစ်စေ၊ ကိုယ်တိုင်ခံဝန်ချုပ်နှင့်ဖြစ်စေ ထိုသူအားလွှတ်ရမည်။

ထို့ပြင် မည်သူ့ကိုမျှဖမ်းဆီးခြင်းမပြုလျှင် ရဲအရာရှိသည် မိမိဆောင်ရွက်ချက်ကိုဝါရမ်းထုတ်ပေးသည့် ရာဇဝတ်တရားသူကြီးထံ၊ သို့တည်းမဟုတ် အရာရှိထံအစီရင်ခံရမည်။

၇။ ။မည်သူမဆို—

(က) နိုင်ငံတော်အထိမ်းအမှတ်ကို ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် အမိန့်တရပ်ရပ်နှင့်ဖြစ်စေ ဆန့်ကျင်၍ဆင်ယင်ပြသလျှင်၊ သို့တည်းမဟုတ်

(ခ) ဥပစာတခုခုပိုင်ဆိုင်သူ၊ အငှါးမနေထိုင်သူ၊ အငှါးချထားခံရသူ၊ လက်ရှိနေထိုင်သူ၊ သို့တည်းမဟုတ် ထိန်းသိမ်းရသူဖြစ်၍၊ အဆိုပါ ဥပစာပေါ်တွင် သော်၎င်း၊ အဆိုပါဥပစာမှ သော်၎င်း နိုင်ငံတော်အထိမ်းအမှတ်ကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် အမိန့်တရပ်ရပ်နှင့် ဖြစ်စေ ဆန့်ကျင်၍ ဆင်ယင်ပြသခြင်းကို သိလျက်နှင့်ခွင့်ပြုလျှင်

ထိုသူသည်၊ ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည့်ပြင်၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောအခါ၊

(က၊က) တရားဝင်အဖွဲ့မှတပါး အခြားသူဖြစ်လျှင် ခြောက်လထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(ခ၊ခ) တရားဝင်အဖွဲ့ဖြစ်လျှင်၊ ကျပ်တထောင်ထက် မပိုသောငွေဒဏ်စီရင်ခြင်းခံရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၉၊ တရားရေးဝန်ကြီးဌာန၊ ၁၀-၁၁-၅၄—၂,၀၀၀—၂။